**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**(၁၁) ရက်မြောက်နေ့အစီအစဉ်**

**( ၁၉ – ၆ –၂၀၂၆ ) (သောကြာနေ့) နံနက် ၁၀:၀၀ နာရီ**

၁။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးငွေလွင် (ခ) ဦးဒီလုံး၊ နမ့်စန်မဲဆန္ဒနယ်၏ **နမ့်စန်မြို့နယ်အတွင်းရှိ နမ့်လစ်၊ ဟိုင်းနားကြီးနှင့် ပိန်းဆည်ကျေးရွာအုပ်စုများ ဖုန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ဆက်သွယ်ရေးတာဝါတိုင် (၄)တိုင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးမျိုး (ခ) ဦးမျိုးအောင်၊ ပြည်မဲဆန္ဒနယ်၏ **မြို့နယ်အလိုက် အသုံးပြုနေသော အင်တာနက်ဝိုင်ဖိုင်ကြိုးများ စနစ်တကျ သွယ်တန်းဆောင်ရွက်ခြင်းနှင့် ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်ထွန်း၊ ဖောင်းပြင်မဲဆန္ဒနယ်၏ **ဖောင်းပြင်မြို့နယ်အတွင်းရှိ မိုဘိုင်းဖုန်းအသုံးပြုသူများမှာ MPT၊ ATOM၊ U9၊ MYTEL တို့၏ မိုဘိုင်း ကွန်ယက်များ ယနေ့အထိ အသုံးပြု၍မရပါသဖြင့် အော်ပရေတာ (၄)ခု အနက်မှ အော်ပရေတာတစ်ခုကို ဆက်သွယ်အသုံးပြုခွင့် ချထားပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးနေလင်းအောင်၊ မြောက်ဥက္ကလာပ မဲဆန္ဒနယ်၏ **တရားမဝင်လောင်းကစား Website နှင့် Application များမှတစ်ဆင့် လောင်းကစားပြုလုပ်သူများသည် Digital E-Moneyများဖြင့် ဆောင်ရွက်လျက်ရှိရာ အဆိုပါ E-Money အကောင့်များအား ဖော်ထုတ်ဖျက်သိမ်းပေးရန်နှင့် ၎င်းတို့အသုံးပြုသော Mobile Phone နံပါတ်များအား ဖျက်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးအောင်လင်းလှိုင်၊ ဘုတ်ပြင်းမဲဆန္ဒနယ်၏ **ကုမ္ပဏီများက WIFIလိုင်းများ၊ Internet Packageများ ရောင်းချရာတွင် မူလစာချုပ်ပါ စည်းမျဉ်းများတွင် မည်ကဲ့သို့ချုပ်ဆိုထားသည်ကို တိကျစွာ အသေးစိတ်ရှင်းလင်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ်၏ **မကျီးပင်- ဖြန့်ကြီး- ကင်မွန်းခြံ- ချောင်းနား မြေသားလမ်း ၃/၄မိုင်အား အမာခံလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဦးအောင်မျိုးသန်း၊ ကော့မှူးမဲဆန္ဒနယ်၏ **ကျိုက်ထော်(တောင်)ကျေးရွာ၊ တာတဇင်ကျေးရွာများ၏ ကျေးရွာချင်းဆက်လမ်းသည် (၄၆၂၀)ပေ ရှည်လျားပြီး (၂၂)ပေအကျယ် မြေသားတာဘောင်ချဲ့၍ ၎င်းလမ်းပေါ်တွင် (၁၂)ပေအကျယ်၊ (၇)ပေအမြင့် ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဒေါ်ဥမ္မာမို့မို့ဇော်၊ သဲကုန်းမဲဆန္ဒနယ်၏ **သဲကုန်းမြို့နယ် အုတ်ဆွဲ- ရင်းတိုက်တန်း- နှောကုန်း(၂)မိုင်(၆)ဖာလုံ ကုန်ထုတ်မြေနီလမ်းအား ကျောက်ချောမြေနီလမ်းအဖြစ် အဆင့်မြှင့်တင်ခင်းပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးရဲထွဋ်အောင်၊ မင်းလှမဲဆန္ဒနယ်၏ **မင်းလှမြို့နယ် သရက်တပင် တာဆုံ- စိန်ကန့်လန့်လမ်းမှ ပတ်တန်းကျေးရွာသို့ ဆက်သွယ်သည့် အရှည် ၈၇၅၂ ပေ၊ အကျယ် ၂၂ ပေ၊ အမြင့် ၃ ပေခွဲခန့်ရှိသော ဂဝံလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း။

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။